# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၆၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၅–၆–၂၀၁၅ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့နှင့် မတူပီမြို့ကို ဆက်သွယ်သည့် မင်းတပ်–အောက်ချိုင်၊ မားတူ၊ အမ်းဆွေး၊ မတူပီ မော်တော်ကားလမ်းအား ရေရှည်ထိန်းသိမ်းနိုင်ရန်နှင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်နှင့် အောက်ချိုင်ရွာနှင့် မားတူရွာအကြားရှိ လည်မြို့ချောင်းတွင် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခွန်သိန်းဖေ၊ ဟိုပုန်း မဲဆန္ဒနယ်၏ **မိုင်းသော်အနောက်ကျေးရွာ အုပ်စုနှင့်အရှေ့ကျေးရွာအုပ်စုအား ပိုင်းခြားထားသည့် နန်းလတ်ချောင်း သစ်သားတံတားအား ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင် အမြန်ပြုပြင် တည်ဆောက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **အဖြူရောင်ယာယီ သက်သေခံကတ်ကိုင်ဆောင်ထားသူများသည် ပန်းရောင်နိုင်ငံသားစိစစ်ရေးကတ်ကို ကိုင်ဆောင်ခွင့်ရပြီးဖြစ်၍ ၎င်းတို့အား မြန်မာနိုင်ငံအတွင်း အခြားနိုင်ငံသားများနည်းတူ လွတ်လပ်စွာသွားလာခွင့်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဇော်ထွန်း၊ မိုးမောက် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသားတို့ ပေါင်းသင်းရာမှ မွေးဖွားလာသည့် သားသမီးများအတွက် နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်အတွင်းရှိ ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူများကို ၎င်းတို့ နေထိုင်လျက်ရှိသည့် နယ်မြေများမှ အခြားသော နေရာဒေသများသို့ သွားလာခွင့်မပြုရန် မည်သည့်ဥပဒေအရ ကန့်သတ်တားမြစ်ထားပါသနည်း၊ ထိုသို့ခွင့်မပြုခြင်းသည် လူ့အခွင့်အရေးချိုးဖောက်နေခြင်း ဟုတ်၊ မဟုတ် သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းအွမ်ဆိုင်မိုင်၊ ကျေးသီး မဲဆန္ဒနယ်၏ **ကျေးသီးမြို့နယ်ရှိ နောင်ကား၊ နားလွယ်၊ နားဟာမ်း၊ ကုန်းပက်၊ နားကျိုင်း ကျေးရွာများအား သီးခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် မည်သို့သော အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေသည်ကို သိလိုခြင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ မတိုင်မီကာလအတွင်း အိမ်ထောင်စုဇယား ထုတ်ပေးရန်နှင့် နိုင်ငံသားစိစစ်ရေး မှတ်ပုံတင်ကတ်ပြား ပြုလုပ်ပေးရန်အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၆၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။